## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၉)
# ခရစ်ယာန်၏ ဘဝအသက်တာသို့ဝင်လာခြင်း

အလွန်စိတ်ပါဝင်စားဖွယ်ကောင်းသောစာတစ်စောင်ကို အာဖရိကရှိကျမ်းစာကျောင်းတစ်ကျောင်းမှာရရှိခဲ့ပါသည်။ လွန်ခဲ့သောငါးနှစ်အချိန်အခါက ဗျာဒိတ်တော်အသံဌာနမှသင်တန်းသားအဖြစ် အကျဉ်းသားတစ်ဦးသည် လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ခဲ့ပါသည်။ ထို့ကြောင့်ကျွန်ုပ်သည် ထောင်အာဏာပိုင်များထံသို့အခွင့်အမိန့်တောင်းသောအခါ ကောင်းမွန်စွာရရှိခဲ့ပါသည်။ ဤထောင်သားသည် ကျမ်းစာကိုအထူးလေ့လာလိုသောကြောင့် သူ့ထံသို့ ကျွန်ုပ်မှန်မှန်သွားခဲ့ပါသည်။ ဤကဲ့သို့ခြောက်လခန့်လည်ပတ်ခဲ့ပြီးနောက် ဤအကျဉ်းသားသည်နှစ်ခြင်းခံရန် တောင်းဆိုခဲ့ပါသည်။ ထောင်မှူးနှင့်အခြားအကျဉ်းသားများတို့သည် တက်ရောက်အားပေးကြပါသည်။ ဤနှစ်ခြင်းခံပွဲတွင် ကျွန်ုပ်အတွက်အထူးစိတ်လှုပ်ရှားစေသောဖြစ်ရပ်တစ်ခုကျွန်ုပ်အသက်တာတွင်တွေ့ခဲ့ရပါသည်။ များမကြာမီမှာပင် ထောင်မှလွှတ်ခဲ့ပါသည်။ သူသည်ထောင်တွင်အချိန်တော်တော်များများနေရမည်ဖြစ်သော်လည်း စောလျင်စွာလွှတ်ခဲ့ကြောင်းကိုမေးခဲ့သောအခါ သူ၏သက်သေခံချက်မှာ သူသည်နှစ်ခြင်းခံပြီးသည့်နောက်ပိုင်းတွင် ထောင်သားရှိသမျှတို့ကို တရားဟောပြောသက်သေခံရာတွင် ထူးချွန်သောကြောင့်ဖြစ်သဖြင့် သူ့ကိုအချိန်တိုတိုအတွင်းတွင် ထောင်မှလွှတ်ခဲ့ပါသည်။ ဤထောင်သားကြီးသည် ထောင်မှလွှတ်၍ မိမိ၏မိသားစုများနှင့်အတူတကွနေပြီး ကျွန်တော်တို့၏ခရစ်ယာန်သာသနာကျောင်းကြီးတစ်ခုတွင် အသင်းတော်လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ခဲ့ပါသည်။

## ၁။ နှစ်ခြင်းဆိုသည်မှာမည်သည့်အနက်ရှိပါသနည်း

ဤအကျဉ်းသားကြီးသည်နှစ်ခြင်းခံပြီးသည့်နောက်ပိုင်းတွင် အသက်တာလုံးလုံးပြောင်းလဲခဲ့ပါသည်။ သူသည် နှစ်ခြင်းခံခြင်းကိုအရေးကြီးကြောင်း မည်ကဲ့သို့ယူဆပါသနည်း။ ခရစ်တော်ထံသို့ညအချိန်တွင် ရပ်ကွက်လူကြီးတစ်ဦးသည်လာ၍မေးမြန်းပြီးသည်နောက်ပိုင်းတွင် ခရစ်တော်က နှစ်ခြင်းသည်အရေးကြီးကြောင်း၊ အနက်လေးနက်ကြောင်းကိုပြတ်သားစွာပြောပြခဲ့သည်။ "ယေရှုက ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏" (ယောဟန် ၃း၃၊ ၅)။ ထို့ကြောင့် ခရစ်တော်၏ရှင်းပြချက်အရ၊ ကျွန်ုပ်တို့သည်ရေဖြင့်သော်လည်းကောင်း၊ ဝိညာဉ်တော်ဖြင့်သော်လည်းကောင်း မွေးခြင်းကိုခံရမည်။ ဝိညာဉ်တော်မွေးဖွားခြင်းဆိုသည်မှာ အသစ်သောဘဝနှင့်အသက်တာသို့ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်

စိတ်နှလုံးပြောင်းလဲခြင်းဖြစ်သည်။ ခရစ်တော်၏နိုင်ငံတော်သို့ဝင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည်အသစ်သောဘဝ အသက်တာ၌နေခြင်း (သို့တည်းမဟုတ်) ပြုပြင်ထားသောခရစ်ယာန်၏အသက်တာဟောင်း၊ ထိုအသက်တာကိုအသစ်သောအသက်တာဟုခေါ်သည်။ ရေ၌နှစ်ခြင်း၏အနက်မှာ အပြစ်ဘဝ၏အသက်တာကိုဖေါ်ထုတ်၍ ရေဖြင့်နှစ်ခြင်းခံခြင်းသည် အပြင်ကိုယ်ကာယ၏ပြောင်းလဲမှုနှင့်ဘဝသစ်ထူထောင်ခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ကိုယ်စားလှယ်သည် ထောင်သားကြီးကိုနှစ်ခြင်းခံရသည့်အကြောင်းအရင်းမှာ ခရစ်ယာန်တစ်ဦးတစ်ယောက်အနေဖြင့် အသိအမှတ်ပြုခြင်းနှင့်မိမိအသက်တာတွင်လည်း ခရစ်တော်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းကိုခံဆဲဖြစ်၍ ထိုသူ၏အသက်တာတွင်အကျင့်များပြောင်းလဲလာကြောင်းတွေ့ရသည်။

## ၂။ ဘာ့ကြောင့်ကျွန်ုပ်နှစ်ခြင်းခံရပါမည်နည်း

ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ခရစ်တော်၏ကြီးမြတ်သောအချက်သုံးချက်ပေါ်တွင်အတည်ပြုသည်။ “ငါသည်ကိုယ်တိုင်ခံယူသည်အတိုင်း သင်တို့အား ရှေးဦးစွာအပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၏” (၁ကော ၁၅:၃၊ ၄)။ ခရစ်တော်သည် မိမိသေခြင်းဖြင့် ခရစ်တော်သည် ငါတို့ကိုကယ်တင်ခြင်းပေးရန် ခရစ်တော်၏သေခြင်း၊ မြှုပ်နှံခြင်းနှင့် ထမြောက်ရှင်ပြန်ခြင်းဖြင့်ပြုလုပ်ပေးသည်။ နှစ်ခြင်းခံသောသူတိုင်းသည် ခရစ်တော်၏သေခြင်းကိုအမှီပြု၍ နှစ်ခြင်းခံခြင်းအားဖြင့် မြှုပ်နှံခြင်းကိုခံခဲ့သည်။ သေခြင်းတရားခံမှကိုယ်တော်သည် သေသောသူအများထံမှ အောင်မြင်စွာဖြင့်ထမြောက်ရှင်ပြန်ခဲ့ပါသည်။ အဘ၏ဘုန်းတန်ခိုးတော်အားဖြင့် ငါတို့သည်လည်း အသစ်သောဘဝအသက်တာဖြင့် အသက်ရှင်သွားရပါမည်။ (ရောမ ၆:၃၊ ၄)။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကြောင့်အသေခံရသည်။ မြှုပ်နှံခြင်းခံရသည်။ ဖြောင့်မတ်ခြင်းအသက်တာကိုကျွန်ုပ်တို့အားပေးရန် သင်္ချိုင်းမှရှင်ပြန်ထမြောက်ခဲ့သည်။ နှစ်ခြင်းခံခြင်းသည်လည်း ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့အပြစ်၌သေခြင်း၊ ရေသင်္ချိုင်း၌မြှုပ်နှံခြင်းနှင့် ခရစ်တော်ကဲ့သို့အပြစ်ကိုအောင်မြင်သောအသက်တာဖြင့် ထမြောက်ရှင်ပြန်ခြင်းဖြစ်သည်။ နှစ်ခြင်းသည် ခရစ်တော်သေသကဲ့သို့ အပြစ်သားတစ်ဦးသည်လည်း အပြစ်၏သေခြင်းမှလွတ်ကင်းခြင်းဖြစ်သည်။ ဘဝဟောင်း၏အပြစ်အသက်တာကို ခရစ်တော်နည်းတူ ရေသင်္ချိုင်း၌မြှုပ်နှံခြင်း၊ ထမြောက်ရှင်ပြန်ရာ၌လည်း အသစ်သောအသက်တာဖြင့် ခရစ်တော်၌ထမြောက်ရှင်ပြန်ခြင်းဖြစ်၏။ ထို့ကြောင့် ခရစ်တော်၏သေခြင်းနှင့်ထမြောက်ခြင်းသည် ကျွန်ုပ်တို့အတွက်ရေသင်္ချိုင်းမှ သေခြင်းနှင့်ထမြောက်ခြင်းဖြစ်လာသည်။

လက်တွေ့နှစ်ခြင်းခံခြင်းသည် စိတ်ပြောင်းလဲခြင်းကိုပံ့ဆောင်သည်။ ပထမရေထဲသို့ဆင်းသည်၊ ရေထဲ၌မြှုပ်ထားသည် (သေသောသူသည်မြေတွင်း၌မြှုပ်နှံသကဲ့သို့ဖြစ်၏)။ ဤအချက်သည် ခရစ်တော်နှင့်အတူအသေခံခြင်းဖြစ်၍ ဘဝအသက်တာဟောင်းများကိုမြှုပ်နှံသည်ဟုဆိုလိုသည်။ နှစ်ခြင်းခံခြင်းသည် အပြစ်ကိုယ်ကြီးကိုသင်္ဂြိုဟ်ခြင်းထုံးတမ်းအရ၊ အပြစ်ပူးဝင်စွဲကပ်သောကိုယ်ကြီးမှ ခွဲထွက်လာခြင်းဖြစ်၏။ ထို့နောက် နှစ်ခြင်းပေးသူသည် ရေမှချီမ၍ ခရစ်တော်၏အသက်တာမျိုးဖြင့် အသစ်သောဘဝတွင်တည်နေခြင်းဖြစ်သည်။ ဤအသက်တာမျိုးကို “အသစ်သောဖန်ဆင်းခြင်း” ဖြစ်သည်။ ရေ၌နှစ်ခြင်းသာလျှင် ခရစ်တော်၏သေခြင်း၊ မြှုပ်နှံခြင်းနှင့်ထမြောက်ရှင်ပြန်ခြင်းကိုနားလည်စေနိုင်သည်။ “ထိုမှတစ်ပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ သူ့သခင်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေသတ်ခြင်းကိုခံသည်ဟုငါတို့သိကြ၏။ အကြောင်းမူကား ငါတို့သည် နောက်မှအပြစ်တရား၏အစေကိုမခံစေခြင်းငှါ အပြစ်တရား၏ကိုယ်ကိုဖျက်ဆီးမည့်အကြောင်းတည်း” (ရောမ ၆:၆)။

နှစ်ခြင်းသည် ပြင်ပအားဖြင့် ထာဝရဘုရားသခင်ကိုရှိသမျှအရာအားလုံးအပ်နှံရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို လုံးလုံးလျားလျားပေးဆပ်အပ်နှံလျှင် ဘယ်သောအခါမျှမမြင်ရသောအပြစ်၏သဘောသဘာဝသည်လျော့နည်းလာ၍ ပြောင်းလဲသောကိုယ်ကာယ၏အခြေသည် တိုးတက်လာကြောင်းတွေ့မြင်ရသည်။ “ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ကိုယ့်ကိုယ်ကိုစွန့်ကြဲတော်မူ၏ (ဂလာတိ ၂:၂၀)။ ကျွန်ုပ်သည် ခရစ်တော်၏အသေခံခြင်းကိုနှစ်ခြင်းအားဖြင့် ရေ၌အသေခံခြင်းကိုအလွန်တန်ခိုးကြီးသောခွန်အားဖြင့် ကျွန်ုပ်၏ အသက်တာကိုပြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းတည်ရှိတော်မူသည်။ ခရစ်တော်၏လက်၌ မိမိ၏အသက်တာကိုအပ်နှံနိုင်ရန် လက်ဝါးကပ်တိုင်ပေါ်၌သေသောခရစ်တော်ကိုကြည့်ပါ။ ကိုယ့်ကိုယ်ကိုခြိမ်းခြောက်နေသောအပြစ်၏အသက်တာကိုမကြည့်ပါနှင့်။ လွန်ခဲ့သောအချိန်ကပြုခဲ့သောအပြစ်များ၏မှတ်တမ်းကိုကြည့်ခြင်းဖြင့် ဝမ်းနည်းမနေဘဲ ခရစ်တော်ကိုသာမျက်မှောက်ပြုပါ။ ခရစ်တော်၏မြင့်မြတ်သောအသက်တာနှင့်စွမ်းရည်နှင့်ပြည့်စုံသောအသက်တာကို လက်ဝါးကပ်တိုင်ပေါ်၌ပြုခဲ့သောကြောင့် သူနှင့်မိတ်သဟာယဖွဲ့ပါ။ လက်ဝါးကပ်တိုင်၏တန်ခိုးဖြင့် မိမိပြုခဲ့သောအပြစ်ဟောင်းများကိုစွန့်လွှတ်ကာ ဘုရားသခင်၏ခေါ်တော်မူသံကိုလက်ခံပါ။ ကျွန်ုပ်သည် ခရစ်တော်ဘက်၌ရပ်တည်နေမည်။ ယခုမှစ၍ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားတော်ကိုလက်ခံပါမည်။ ထိုသခင်သည် ငါတို့အားချစ်တော်မူ၍ ငါတို့အတွက်အသက်တော်ကိုစွန့်ခဲ့သောသခင်ဖြစ်၏။ ခရစ်တော်သေခြင်း၏ တန်ခိုးကိုယုံကြည်လျက် ထမြောက်ရှင်ပြန်ခြင်း၏ပုံနမူနာများကိုထောက်ထားကာ ကျွန်ုပ်တို့၏ဘဝဟောင်းနှင့် အကျင့်ဟောင်းများတို့နေရာတွင် ပေးခဲ့သောသူ၏ကောင်းမြတ်ခြင်းအကျင့်များကိုပို၍မြင်လာလိမ့်မည်။ “လူမည်သည် ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည်အသစ်ဖြစ်ကြ၏” (၂ကော ၅:၁၇)။ နှစ်ခြင်းခံခြင်းအားဖြင့် ခရစ်တော်နှင့်လက်တွဲကာ အသစ်သော အသက်တာတွင်နေမည်ဟုကတိပြုခြင်းဖြစ်သည်။ ခရစ်တော်ပြုပေးခဲ့သောကောင်းကျိုးများသည် ကျွန်ုပ်တို့၏အသက် တာတွင် မည်သည့်အချိန်အခါမှမပြုနိုင်သောအရာဖြစ်သည်။ ရေသင်္ချိုင်းမှထလာသောအခါ အသစ်သောသတ္တဝါ ဖြစ်လာ၍ ခရစ်တော်ပေးသောတန်ခိုးအားဖြင့် အသစ်သောအသက်တာတွင်နေနိုင်သည်။

## ၃။ ခရစ်တော်သည် ဘာကြောင့်နှစ်ခြင်းခံရသနည်း

ပင်တေကုတ္တေပွဲနေ့၌ ပေတရုသည် အပြစ်ဖြေလွှတ်ခြင်းကိစ္စနှင့်ပြောကြားခဲ့သည်မှာ နောင်တရ၍ နှစ်ခြင်းခံကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်အတွက် ခွင့်လွှတ်ပေးမည် (တမန်တော် ၂:၃၈)။ ခရစ်တော်သည် မည်သည့်အပြစ်ကိုမျှမပြုလုပ်ခဲ့ပါ။ ထို့ကြောင့် ဘာကြောင့်နှစ်ခြင်းခံရသနည်း။ “ထိုအခါယေရှုသည် ဗတ္တိဇံကိုခံအံ့သောငှါ ဂါလိလဲပြည်မှယော်ဒန်မြစ်နား ယောဟန်ထံသို့ကြွတော်မူ၏။ ယောဟန်ကလည်း အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည်အကြောင်းရှိပါသည်ဖြစ်၍ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ကြွလာတော်မူသလောဟု ယေရှုကိုဆီးတားလေ၏။ ယေရှုကလည်း အလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟုပြန်ပြောတော်မူ၏” (မဿဲ ၃:၁၃–၁၅)။ ခရစ်တော်သည်အပြစ်မရှိပါ။ သူသည်နောင်တရရန်မလိုပါ။ သို့ရာတွင် နှစ်ခြင်းခံခြင်း၏အကြောင်းတစ်ခုမှာ အလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဟုဆို၏။ နှစ်ခြင်းခံခြင်းဖြင့် ခရစ်တော်သည် မှန်ကန်သောပုံနမူနာကိုဆောင်ကာ အားနည်း၍အပြစ်ရှိသောလူသားတို့အား

ပုံနမူနာပြထားခဲ့သည်။ ခရစ်တော်သည် သူ၏နောက်လိုက်တို့အား သူမစောင့်ခဲ့သောတရားများကိုစောင့်ရန် ဘယ်သောအခါမျှအမိန့်မပေးခဲ့ပါ။ ထို့ကြောင့် ယုံကြည်သောအသင်းသားတို့သည် ရေအားဖြင့်နှစ်ခြင်းခံသောအခါ ခရစ်တော်၏ခြေရာအတိုင်းတစ်သဝေမတိမ်းလိုက်လျှောက်ခြင်းသာဖြစ်၏။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်အတွက် သေခြင်းခံခဲ့သောကြောင့် ဖြောင့်မတ်ခြင်းတရားကိုသူပေးပိုင်သည်။ “အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည့်အကြောင်းတည်း” (၂ကော ၅း၂၁)။ ဘုရားသခင်၏မျက်မှောက်တွင် အပြစ်သားမှသူတော်စင်ဘဝသို့ရောက်သောအခါ ကျွန်ုပ်တို့သည်ထိုဖြောင့်မတ်ခြင်းအားဖြင့်ကြီးထွားလာမည်။ ထို့ကြောင့် ခရစ်တော်အားဖြင့် အသစ်သောအသက်တာတွင်နေနိုင်လာသည်။

## ၄။ ဘာ့ကြောင့်ကျွန်ုပ်တို့သည်ရေထဲ၌နှစ်ရမည်နည်း

ခရစ်တော်သည် ရေထဲ၌နှစ်ခြင်းခံ၏။ သူသည် ရေအားဖြင့်မဖျန်းပါ။ ယောဟန်သည် သူ့အားယော်ဒန်မြစ်ထဲ၌ရေများစွာရှိသောကြောင့် (ယောဟန် ၃း၂၃) နှစ်ခြင်းပေး၏။ ခရစ်တော်သည် နှစ်ခြင်းခံသောအခါ သူသည်ရေထဲသို့ဆင်းသွားသည်။ ရေထဲသို့ရောက်လျှင်ရောက်ချင်း ခရစ်တော်သည်ရေနှစ်ခြင်း (ဟေလသစကားမြှုပ်သည်။ သူသည်ရေထဲမှထွက်လာသည် “မဿဲ ၃း၁၆”) ခံယူတော်မူသည်။ ကျွန်ုပ်တို့သည် မှန်သောနည်းဖြင့် နှစ်ခြင်းကိုသိသောအခါ အမှန်တရားအရ၊ နှစ်ခြင်းအကြောင်းနှင့်ပတ်သက်သောသဘောတရားကိုနားလည်ရန်မခဲယဉ်းပါ။ နှစ်ခြင်းဟူသော ဟေလသစကားအရ၊ ရေအောက်တွင်နှစ်မြှုပ်ကြောင်းပြသည်။ ဆရာကြီးဂျွန်ဝက်စလေအမေရိကန်နိုင်ငံသို့ ၁၇၃၇ ခုနှစ်တွင်လည်ပတ်ခဲ့သောအခါ အသင်းတော်ရှိအသင်းလူကြီးများတို့သည် ထူးဆန်းစွာစွဲချက်တစ်ခုတင်ခဲ့သည်မှာ မစ္စတာပတ်ကား၏ကလေးကိုရေမနှစ်လျှင် နှစ်ခြင်းမပေးပါဆိုသောအကြောင်းတရားဖြစ်သည်။ ထို့ကြောင့် အသင်းတော်ကြီး၏ဖခင်ကြီးအနေဖြင့် မက်သဒစ်တရားယုံကြည်သူများတို့သည် နှစ်ခြင်းအားဖြင့်သာနှစ်ခြင်းပေးရ၏။ ဆရာကြီးဂျွန်ခယ်ဗင်၊ ဘာသာရေးတရားပြုပြင်ပြောင်းလဲသောသူသည် ရှေးဟောင်းအသင်းတော်တို့၏ကျင့်စဉ်တစ်ခုမှာ ရေထဲ၌သာလျှင်နှစ်ခြင်းပေးသည်။ အသင်းတော်ကြီးတည်ထောင်စက အသင်းတော်၏သမိုင်းအရ၊ နှစ်ခြင်းဆိုသည့်အနက်မှာ ရေထဲ၌နှစ်ခြင်းဟုဆိုလိုသတည်း။ အင်္ဂလိကန်အသင်းတော်၏အသင်းအုပ်ကြီးစတင်လီသည် သူ၏ရေးသားဖေါ်ပြချက်အရ၊ နှစ်ရာစု ၁၃ အထိတစ်ကမ္ဘာလုံးကျင့်စောင့်သောနှစ်ခြင်းဆိုရာ၌ ဓမ္မသစ်ကျမ်းအရ၊ နှစ်ခြင်းဟူသောအနက်အတိုင်း ရေထဲ၌နှစ်မြှုပ်၏။ ရေအတွင်း၌ မြှုပ်နှံခြင်းဟုအနက်ရှိသည်။ နှစ်ခြင်းခံသောကန်များတည်ဆောက်သောအခါ နှစ်ခြင်းဟုဆိုသောအနက်အရ၊ ၄ရာစုမှ ၁၄ ရာစုနှစ်အထိ ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများတို့တွင်တည်ဆောက်ခဲ့ကြသည်။ ဥပမာအရ၊ ပိုက်စာမြို့ရှိဘုရားကျောင်းကြီးအီတလီပြည်တွင်လည်းကောင်း၊ ရောမမြို့ရှိအကြီးဆုံးသောစိန်ဂျွန်းဘုရားကျောင်းကြီးတွင်လည်းကောင်း နှစ်ခြင်းရေကန်များကိုတည်ဆောက်ခဲ့ကြသည်။ သို့ရာတွင် ၁၅ ရာစုနှစ်တွင် ရဗီးနာ (ခေါ်) ဘုရင်ဂျီအသင်းအစည်းအဝေးကြီး၏ဆုံးဖြတ်ချက်တွင် ရေဖျန်းခြင်းသည် ရေနှစ်ခြင်းနှင့်တူညီသည်ဟူ၍လက်ခံလာခဲ့သည်။ အသင်းတော်၏လုပ်ဆောင်ချက်အရ၊ လူ၏ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့သည်လိုက်လျှောက်ရန်မလိုပါ။ ခရစ်တော်နှင့်သူ၏တမန်တော်များကပြုလုပ်ခဲ့သောဆုံးဖြတ်ချက်ကိုသာလျှင် လိုက်လျှောက်ရမည်။ စိတ်စေတနာမှန်သော အများသောခရစ်ယာန်များတို့၏ထုံးတမ်းစဉ်လာမှာ ကလေးများတို့ကိုနှစ်ခြင်းပေးခြင်းဖြစ်သည်။ ကလေးများတို့ကို ငယ်စဉ်ကပင်ဘုရားသခင်ကိုအပ်နှံခြင်းသည် ကောင်းသောအစဉ်အလာမှန်သော်လည်း ကျမ်းစာ၏သွန်သင်ချက်အရ၊ ကယ်တင်ခြင်းရသင့်သောသူများတို့အား နှစ်ခြင်းမခံမီသွန်သင်ရမည်ဟုပါရှိသည် (မဿဲ ၂၈း၁၉၊ ၂၀)။ လူသည် ခရစ်တော်ကိုယုံကြည်ရမည်ဖြစ်သည်။ သို့မှသာလျှင် နှစ်ခြင်းပေးရမည် (တမန်တော် ၈း၃၅–၃၈)။ လူတစ်ယောက်သည်နောင်တရ၍ အပြစ်ဝန်ချပြီးမှသာ နှစ်ခြင်းပေးရမည် (တမန်တော် ၂း၃၈)။ ကလေးငယ်တစ်ဦးသည်ယုံကြည်နိုင်စွမ်းမရှိပါ။ နောင်တတရား

ရရှိရန်မဖြစ်ပါ။ အပြစ်ဝန်ချတောင်းပန်ရန်မသိပါ။ ဤအချက်များတို့သည် နှစ်ခြင်းမခံမီပြုကျင့်ရမည့်ဝတ်များဖြစ်သည်။ ပြီးမှသာလျှင် နှစ်ခြင်းခံယူရမည်။

## ၅။ ဘာ့ကြောင့်နှစ်ခြင်းခံယူရန်အရေးကြီးသနည်း

ခရစ်တော်၏တရားတော်အရ၊ ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန် နှစ်ခြင်းယူရမည်ဖြစ်သည် "ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏" (ယောဟန် ၃း၅)။ ခရစ်တော်၏ချွင်းချက်တစ်ခုမှာ လက်ဝါးကပ်တိုင်ပေါ်၌ရှိသောသူခိုးတစ်ယောက်သည် ရေဖြင့်နှစ်ခြင်းမခံသော်လည်း (ဝိညာဉ်တော်အားဖြင့်) နှစ်ခြင်းခံယူသောကြောင့် ခရစ်တော်သည် သူ့အားကတိပေးခဲ့လေသည်။ (လုကာ ၂၃း၄၂၊ ၄၃)။ သူခိုးအတွက်ရေနှင့်ဝိညာဉ်တော်မွေးဖွားခြင်းဟုဆိုရာ၌ ခရစ်တော်၏အသွေးအားဖြင့် ဆေးကြောခြင်းခံခဲ့သည်ဟုအနက်လာသည်။ ဆရာကြီးအောဂစ်စတင်း၏တင်ပြချက်တစ်ခုမှာ သေခါနီးဆဲဆဲအိပ်ရာပေါ်၌ မှတ်တမ်းတင်ထားခြင်းတစ်ရပ်ရှိခဲ့ဖူးသည်။ "ထိုပုဂ္ဂိုလ်သည် နောင်တရသောသူခိုးဖြစ်သည်။ လူတိုင်းစိတ်ခါတ်ကျစရာမလိုပါ။ ဤတစ်ဦးတည်းသောပုဂ္ဂိုလ်အတွက် မည်သူမျှစောဒကတက်စရာမလိုပါ။" ခရစ်တော်ကိုယ်တိုင်အလွန်ကြီးသောကတိပေးချက်တစ်ခုထားခဲ့ပါသည်။ "ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။ မယုံကြည်သောသူမူကား၊ အပြစ်စီရင်ခြင်းကိုခံရလတ္တံ့" (မာကု ၁၆း၁၆)။ ကျွန်ုပ်တို့၏အတွက် ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌အသေသတ်ခြင်းကိုခံခဲ့သောအခါ အများလူသူရှေ့တွင် သူ၏မေတ္တာကိုကျွန်ုပ်တို့အားပြခဲ့ပါသည်။ ထို့နည်းတူကျွန်ုပ်တို့သည်လည်း အများလူသူရှေ့တွင် ရှက်ကြောက်ခြင်းမရှိဘဲ အပြစ်ဝန်ချတောင်းပန်ကာ ခရစ်တော်၏နည်းလမ်းအတိုင်း ရေနှစ်ခြင်းကိုခံရပါမည်။ သင်သည် ခရစ်တော်၌အသစ်သောအသက်တာကိုရယူပြီလား။ သင်သည် နှစ်ခြင်းခံပြီးပြီလား။ ပြီးခဲ့သော်နှစ်ခြင်းခံရန်မရှေးမနှောင်းတွင်ပြင်ဆင်မည်လား။

## ၆။ နှစ်ခြင်းခံခြင်းသည် ခရစ်ယာန်အသက်တာလမ်းတွင်အစသာဖြစ်၏

နှစ်ခြင်းခံခြင်းသည် ခရစ်ယာန်များတို့၏အတွက် ပထမလမ်းစသာဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်ခြင်းခံရန်စိတ်ဆုံးဖြတ်ခဲ့သောအခါ ထာဝရတည်မြဲခြင်းမရှိပါ။ အိမ်ထောင်၌ ကလေးမွေးဖွားလာသောအခါ ဝမ်းမြောက်ခြင်းအစသာဖြစ်သည်။ နောက်များမကြာမီ ထိုဝမ်းမြောက်ခြင်းသည်လျော့နည်းလာပါသည်။ ကလေးငယ်အားကျွေးမွေးရသောဝတ္တရား၊ နေ့စဉ်ရေချိုးပေးရသောဝတ္တရား၊ နေ့စဉ်နှင့်အမျှကြည့်ရှုပြုစုရမည့်ဝတ္တရားများဖြစ်ပေါ်လာလေသည်။ နှစ်ခြင်းခံပြီးသည့်နောက်ပိုင်းတွင်လည်း ပေါလု၏ခရစ်ယာန်အသက်တာဗဟုသုတတွင် "ငါသည် နေ့တိုင်းအသေခံရ၏" (၁ကော ၁၅း၃၁)။ နေ့စဉ်နှင့်အမျှ တစ်ကိုယ်ကောင်းစိတ်ထားများတို့ကိုနှိပ်ကွပ်ခြင်းအားဖြင့် ခရစ်တော်၏အလိုတော်သို့ပိုမိုလိုက်လျှောက်လာနိုင်သည်။ နှစ်ခြင်းတရား၏ထုံးတမ်းမှာ လက်ထပ်ခြင်းတရား၏ထုံးတမ်းကဲ့သို့ အများလူသူရှေ့တွင် ကတိခံဝန်ချက်များသာဖြစ်သည်။ ထိုကတိခံဝန်ချက်များတို့သည် တစ်နေ့တခြားတိုးတက်ကြီးထွားခိုင်မြဲရမည့်အကြောင်းကိုသတိပြုမိပါသလား။ တိကျစေ့စပ်သောကြီးထွားခြင်းသည် ကျွန်ုပ်တို့၏အသက်တာကိုခရစ်တော်အားနေ့စဉ်ရက်ဆက်ပေးကမ်းခြင်းဖြစ်၏။ အသစ်သောအသက်တာကို နေ့စဉ်နှင့်အမျှရရှိခြင်းဖြစ်သည်။ ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းကိုနေ့စဉ်ကျင့်စောင့်ရခြင်းဖြစ်သည်။

## ၇။ ဝမ်းမြောက်ရခြင်း၏အကြောင်းတရား

နှစ်ခြင်းခံခြင်းသည် အကြီးဆုံးဝမ်းမြောက်ရခြင်း၏အကြောင်းတရားဖြစ်ကြောင်းမှာ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌ထာဝရအသက်ကိုရကြောင်းသိရှိရခြင်းဖြစ်သည်။ "ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည်" (မာကု ၁၆း၁၆)။

ကျွန်ုပ်တို့သည်နှစ်ခြင်းခံသောအခါ အထက်လမ်းသို့ပို့ဆောင်သောထာဝရပို့ဆောင်သောဝမ်းမြောက်ခြင်းလမ်းကြောင်းပေါ်သို့ရောက်ရှိနေသည်။ နှစ်ခြင်းသည်လည်း လက်ရှိအချိန်ခရစ်တော်နှင့်အတူဝမ်းမြောက်ခြင်းရှိကြောင်းကိုပြသည်။ ခရစ်တော်၏ကတိတော်မှာ တန်ဖိုးမဖြတ်နိုင်သောဝိညာဉ်တော်၏ဆုကျေးဇူးကိုအထူးရရှိကြောင်း (တမန်တော် ၂း၃၈)။ ထိုဝိညာဉ်တော်၏ဆုကျေးဇူးများနှင့်အတူ ဝိညာဉ်တော်အသီးများဖြစ်သောမေတ္တာ၊ ကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ အပျော်အပါးချုပ်တည်းခြင်း၊ သည်းခံခြင်းနှင့်ပြည့်ဝမည်ဖြစ်ကြောင်း ကတိပေးခဲ့ပါသည် (ဂလာတိ ၅း၂၂၊ ၂၃)။ ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့နှင့်အတူနေသောကြောင့် တိကျသေချာသောယုံကြည်ခံစားချက်ကိုပေးသည်။ ထိုဝိညာဉ်တော်ပင်လျှင်သက်သေခံခဲ့သည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း (ရောမ ၈း၁၅၊ ၁၆) ဖေါ်ပြထားသည်။ ဤခိုင်လုံသောရင်းနှီးဆက်ဆံပေါင်းသင်းမှုသည်မြောက်မြားစွာသောအကျိုးသက်ရောက်မှုကိုပေးခဲ့သော်လည်း အခက်အခဲနှင့်လွတ်ကင်းမည်ဟူသောအသက်တာကို အာမခံချက်မပေးခဲ့ပါ။ ထို့ပြင် စာတန်နတ်ဆိုးသည် အခက်အခဲကြီးငယ်အပေါင်းတို့နှင့် ခရစ်တော်ကိုယုံကြည်ပေးအပ်သောသူတို့အား အစဉ်နှောင့်ယှက်လျက်နေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်တော်ထဲတွင်ရှိနေလျှင် အကောင်းအဆိုးဖြစ်သမျှတို့သည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာယုံကြည်ခြင်းများကိုကြီးထွားစေသည် (ရောမ ၈း၂၈)။ အမျိုးသမီးတစ်ဦးသည် မိမိခင်ပွန်းသည်၏ခြိမ်းခြောက်မှုကိုခံရသော်လည်း သူ၏အသက်တာကို ခရစ်တော်အားအပ်နှံမည်ဟုဆုံးဖြတ်ခဲ့သည်။ သူ့ခင်ပွန်းသည် သူမ၏ယုံကြည်ခြင်းအသစ်ကိုလုံးဝလက်မခံကြောင်း သို့ရာတွင် သူ၏ဇနီးသည်ဘုရားသခင်၏ဝတ္တရားနှင့်လင့်ဝတ္တရားများတို့ကိုရိုသေလေးစားစွာပြုလုပ်ခဲ့သည်။ တစ်ခါတစ်ရံခင်ပွန်းသည်သည် ဇနီးအတွက်အခက်အခဲများပြုလုပ်ခဲ့ပါသည်။ နောက်ဆုံးတွင် ခင်ပွန်းသည်သည်ငြင်းဆန်၍မရသောပြောင်းလဲသည့်ဇနီးသည်၏အသက်တာကိုတွေ့မြင်သောအခါ သူကိုယ်တိုင်လည်း ခရစ်တော်ကို မိမိအသက်တာကို ပေးအပ်၍ နှစ်ခြင်းခံခဲ့ပါသည်။ ခရစ်တော်နောက်သို့ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ လိုက်လျှောက်ခဲ့သော် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်တာကိုအောင်မြင်နိုင်ရန် နည်းလမ်းနှင့်အခွင့်အရေးကိုပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိအသက်တာကိုချွင်းချက်မရှိဘဲ ခရစ်တော်အားပေးအပ်ပါလျှင် ခရစ်တော်သည် သူကိုယ်တိုင်လက်ဝါးကပ်တိုင်ပေါ်၌ ချွင်းချက်မရှိသောမေတ္တာဖြင့်ကူမနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူသိရှင်ကြားအခွင့်အရေးယူကာ ကျွန်ုပ်တို့၏မေတ္တာနှင့်သစ္စာရှိသောစိတ်ထားကိုပေးအပ်လိုပါသလား။ သင်သည်မဆုံးဖြတ်ခဲ့သေးလျှင် ဘာ့ကြောင့်ယခုခရစ်တော်အတွက်မဆုံးဖြတ်ပါသနည်း။ အသစ်သောအသက်တာရရှိရန် သင်၏အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၌နှစ်ခြင်းခံပါ။

–o–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၉) အဖြေလွှာ
## ခရစ်ယာန်၏ဘဝအသက်တာသို့ဝင်လာခြင်း

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် (x) ပေးပါ။

၁။ ------ နှစ်ခြင်းခံခြင်းသည် အတွင်းပြောင်းလဲခြင်းကိုအပြင်အပအားဖြင့်ပြသခြင်းဖြစ်သည်။
------ ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းဆိုသည်မှာ အတွင်းစိတ်နှင့်နှလုံးပြောင်းလဲခြင်းဖြစ်သည်။
------ ခရစ်တော်၏ပြောကြားချက်အရ ရေနှင့်ဝိညာဉ်တော်မွေးဖွားခြင်းသည် ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်ရန်လမ်းစဖြစ်သည်။

၂။ ------ နှစ်ခြင်းခံခြင်းသည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏သေခြင်း၊ မြှုပ်နှံခြင်း၊ ထမြောက်ခြင်း၊ ကျွန်ုပ်တို့၏အပြစ်အတွက်လက်တွေ့ပြသည်။
------ နှစ်ခြင်းခံခြင်းသည် လက်တွေ့လုပ်ငန်းများပြောင်းလဲခြင်း၏ကွင်းကွင်းကွက်ကွက်ပေါ်သောလမ်းစဖြစ်သည်။
------ ရေအောက်၌မြှုပ်နှံခြင်းဆိုသောနှစ်ခြင်းသည် ခရစ်တော်က ကျွန်ုပ်တို့၏အပြစ်အတွက် သေခြင်းကိုပုံဆောင်၍ အသက်တာဟောင်း၏အပြစ်ကိုမြှုပ်နှံခြင်းဖြစ်သည်။
------ နှစ်ခြင်းခံပြီးနောက် ရေမှထွက်လာသောအခါ ခရစ်တော်၌အသစ်သောအသက်တာကိုပုံဆောင်သည်။
------ ရေဖျန်းခြင်းအားဖြင့် နှစ်ခြင်းဟုဆိုရာ၌ သေခြင်း၊ မြှုပ်နှံခြင်း၊ ထမြောက်ခြင်းအတွက် လုံလောက်သောပုံစံကိုဆောင်သည်။
------ နှစ်ခြင်းခံခြင်းသည် အပြင်အပပုံဆောင်ခြင်းဖြစ်သကဲ့သို့ လူ၏အတွင်းစိတ်ကိုလည်းပြောင်းလဲပေးကြောင်းပုံဆောင်သည်။
------ နှစ်ခြင်းခံသည့်အချိန်၌ ခရစ်တော်နှင့်လက်တွဲကာ အသစ်သောအသက်တာနှင့်သာ၍ကောင်းသောအသက်တာကိုဖေါ်ပြသည်။

အကောင်းဆုံးမှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် (x) ပေးပါ။

၃။ ခရစ်တော်သည်နှစ်ခြင်းခံသည်။
------ ကျွန်ုပ်တို့အတွက်တိကျသောပုံနမူနာဖြစ်သည်။
------ သူ၏အပြစ်ကြောင့်ဝန်ခံခြင်းဖြစ်သည်။

၄။ ခရစ်တော်သည်နှစ်ခြင်းခံသည်။
------ ရေ၌နှစ်ခြင်း။
------ ရေဖျန်းခြင်း။

ခရစ်တော်အချိန်အခါမှနှစ်ပေါင်း ၁၀၀၀ တွင်ခရစ်ယာန်အသင်းတော်၌၊
------ ရေနှစ်ခြင်းအားဖြင့် နှစ်ခြင်းပေးသည်။
------ ရေဖျန်းခြင်းအားဖြင့် နှစ်ခြင်းပေးသည်။

၅။ ခရစ်တော်အားဖြင့်ကောင်းကင်သို့ဝင်လိုသောသူ၊
------ နှစ်ခြင်းခံရန်ပြုလျှင်သော်လည်းကောင်း၊ မပြုလျှင်သော်လည်းကောင်း ရသည်။
------ နှစ်ခြင်းခံခြင်းသည်အရေးကြီးသည်။
သေအံ့ဆဲလူအတွက် နှစ်ခြင်းခံခြင်းအခွင့်မရှိခဲ့လျှင်၊
------ သူသည်ကယ်တင်ခြင်းခံရမည်။
------ ကယ်တင်ခြင်းမခံရပါ။

၆။ နှစ်ခြင်းခံခြင်း၏ပုံဆောင်ခြင်းသည်၊
------ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းအစဖြစ်သည်။
------ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းအဆုံးဖြစ်သည်။

၇။ လမ်းညွှန် (၇) ကိုဖတ်၍ ဤနှလုံးသားမေးခွန်းကိုစဉ်းစားပါ။

ကျွန်ုပ်တို့တစ်ဦးစီသည် **မိန်းမထိန်း** ကိုပေးထားသောအခွင့်အရေးရှိသည်။ ခရစ်တော်ကိုယုံကြည်ရန်၊ နှစ်ခြင်းခံယူရန်၊ ဝိညာဉ်တော်၏ဆုကျေးဇူးများနှင့် ဝိညာဉ်တော်၏အသီးများရရှိနိုင်ရန်၊ ဘုရားသခင်၏သားသမီးများဖြစ်နိုင်ရန်၊ ပြည့်စုံသောခရစ်ယာန်အသက်တာနေနိုင်ရန်။

သင်သည် ကျမ်းစာသွန်သင်ချက်အရ ရေနှစ်ခြင်းဖြင့် နှစ်ခြင်းခံယူပါသလား။
(ဟုတ်ပါသည်)------- (မဟုတ်ပါ)-------

သင်သည် ခရစ်တော်၏ပုံနမူနာအတိုင်း နှစ်ခြင်းခံယူရန်ဆန္ဒရှိပါသလား။
(ဟုတ်ပါသည်)------- (မဟုတ်ပါ)-------

-၀-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------
**လမ်းနှင့်အိမ်အမှတ်**----------------------
**မြို့**----------------------------------
**နယ်**--------------------------------
**ကိုးကွယ်သည့်ဘာသာ**---------------------